စိတ်ကူးချိုချိုအနုပညာ

# သမီးလေးဖတ်ဖို့ကဗျာ

## ကောင်းထက်



mgyoe.com

# စာပျိုးခင်း

- ဥယျာဉ်ကလေး..ပျိုးလို့ထား
  မိုးကစားမှာလား....
- တိုက်ခန်းကြီးထဲ..ဖေဖေရယ်
  ဘယ်လိုကစားရပါ့မယ်..
- ဥာဏ်ကစားဖို့
  ပျော်ရွှင်ဖို့...ဖေဖေဖုပ်ထားပေါ့...
- ဘယ်မှာများလဲ..ဖေဖေရယ်
  သိချင်လိုက်တာကွယ်....
- သိချင်ရင်တော့..ပြလိုက်ချင်
  သမီးလေးအတွက်
  စာအုပ်စင်...။



POEM0031

1,500.00 KS

mgyoe.com

သမီးလေးဆတ်ပို့ကဗျာ၊ ကောင်းထက်
ကဗျာနှင့်ပန်းချီ - ကောင်းထက်
စာမျက်နှာ ၃၉ မျက်နှာ၊ ၁၈ · ၅ စင်တီ × ၂၅ · ၅ စင်တီ

ထုတ်ဝေသူ - ဦးစန်ညိုး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးဗိုလ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# သမီးလေးဖတ်ဖို့ကဗျာ

## ကောင်းထက်

ပထမအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# READ FOR DAUGHTER

Poem & Illustration

by KAUNG HTET




mgyoe.com

mgyoe.com



mgyoe.com





## စောင်းလျားသီးနဲ့ ချစ်သမီး

- စောင်းလျားသီး
  စောင်းလျားသီး
  ချွန်ချွန်လေးတွေသီး ...

- သူ့အသီးနဲ့ အရွက်ဟာ
  ပုံစံတူတူပါ ...

- များများစားရင်
  အီအီးပန်း
  မီးမီးစားနဲ့စမ်း ...။

---

စောင်းကို (ဇောင်း)၊ လျားကို (ဒါး)ဟု အသံထွက် ဖတ်ပါ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## စာပျိုးခင်း

- ဥယျာဉ်ကလေး ပျိုးလို့ထား
  မိး ကစားမှာလား ...

- တိုက်ခန်းကြီးထဲ ဖေဖေရယ်
  ဘယ်လိုကစားရပါ့မယ် ...

- ဉာဏ်ကစားဖို့
  ပျော်ရွှင်ဖို့ ဖေဖေလုပ်ထားပေါ့ ...

- ဘယ်မှာများလဲ ဖေဖေရယ်
  သိချင်လိုက်တာကွယ် ...

- သိချင်ရင်တော့ ပြလိုက်ချင်
  သမီးလေးအတွက် စာအုပ်စင် ...။




mgyoe.com

mgyoe.com



mgyoe.com



## ဇော်ဂျီ

● ဇော်ဂျီဆိုတာ
ဘယ်လိုလဲ
ဖေဖေပြောမှ
သိမှာပဲ ...

● စူပါမင်းထက်
များကြီးသာ
ဆေးလည်း ကုပေးတာ ...

● သူ့လက်ထဲမှာ
ကိုင်လို့ဆွဲ
ဆေးကြိမ်လုံးက
တစ်ချောင်းတည်း ...။

---

တည်းကို (ထဲ)ဟု အသံထွက် ဖတ်ပါ။

mgyoe.com

 mgyoe.com

## ဖုန်းနဲ့ စာအုပ်

- ဟန်းဖုန်းပွတ်တာ
  ခဏထားလို့
  စာအုပ်ဖတ်ဦး
  သမီးရယ် ...

- ဖုန်းထဲမှာလည်း စာပါတယ်
  သမီးဖတ်ကြည့်တယ် ...

- စာအုပ်ဆိုတာ
  သေချာလွန်းလို့
  တို့များမိတ်ဆွေ
  ဖြစ်တော့တယ်
  ဖတ်ကွယ် မှတ်ကွယ် ...။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



mgyoe.com

mgyoe.com




## မိသားစု

- ဝမ်းရယ်၊ တူးရယ်၊ သရီးရယ် ... မီးမီးလည်းပါတယ်။
ဖေဖေကဝမ်း(1)၊ တူး(2) မေမေ ... သမီးလေးက သရီး(3) လေ ...
ဒီဘဝလမ်း လျှောက်ကာလှမ်း ... ချမ်းမြေ့ ပျော်ရွှင်လန်း ...။



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





## ဘွားဘွားရွာကို အလည်သွားခြင်း

- အညာသားကျောကုန်း*
  လာပါဦး ...
  ငါ့မြေးအတွက်
  ပေးပါဦး ...

- တခြားဟာလည်း
  ဝယ်ဦးရှင်
  ဈေးလျှော့ပေးလိုက်ချင် ...

- ဒါဆိုရင်လည်း မုန့်ဟင်းခါး*
  ပေးပေါ့ ငါးဆယ်သား ...

- ပိုက်ဆံပေးပါ အရီးရယ်
  သမီး လိုလို့ကွယ် ...

- ပိုက်ဆံမရှိဘူး
  ငါ့သမီး ...
  ပဲသီး၊ ခရမ်းသီး၊ ဂေါ်ရက်သီး
  ဆန်တွေ အများကြီး ...။

အညာသားကျောကုန်း = ကောက်ညှင်းဆန်ဖြင့်လုပ်သော မုန့်ဖက်ထုပ်တစ်မျိုး။
မုန့်ဟင်းခါး = မုန့်ဖတ်အား အလေးချိန်ဖြင့်ရောင်းသည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## လိုက်ခဲ့

- ဇီးကွက်ကြီး
ဇီးကွက်ကြီး
မျက်ပြူးကြီးနဲ့
ဝတုတ်ကြီး ...

- ငွေဖျိုင်းဖြူကြီး
ခြေတံရှည်
လယ်ကွက်ထဲမှာ
ငါးစောင့်နေ ...

- မိချောင်းကြီးက
ပါးစပ်ဖြဲ
ကြောက်စရာတော့
ကောင်းတာပဲ ...

- သစ်ကုလားအုတ်ကြီး
လည်တံရှည်
ပင်မြင့်ထက်က
ရွက်စားနေ ...

- ဒီထက်ပိုပြီး သိချင်တော့
တိရစ္ဆာန်ရုံ
လိုက်ခဲ့တော့ ...။



mgyoe.com

mgyoe.com

## ဗိုက်ဆာလို့

- ဒီမိုကရေစီ
  စားချင်တယ်
  ဖေဖေ ဝယ်ကျွေးကွယ် ...

- ဖေဖေတောင်မှ
  မရသေး
  ညည်းဘိုးဘိုးကို မေး ...။



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## သမီးအလိမ္မာ

- မေမေဝယ်ပေး
  စက်ဘီးလေး
  သမီးလေးကို
  ဖေ သင်ပေး ...

- မစီးနဲ့ဦး
  သမီးရယ်
  ဖေဖေ စိုးရိမ်တယ် ...

  နဖူးတွေကွဲ
  ဒူးတွေပြဲ
  အဲဒီတော့မှ
  တတ်မှာပဲ ...


- နဖူးကွဲကွဲ
  ဒူးပြဲပြဲ
  သမီးကတော့
  စီးမှာပဲ ...။





mgyoe.com

mgyoe.com





## အိပ်ချိန်

- ဖင်ပြောင်ကြီးနဲ့
  မီးမီးရယ်
  ခြင်ကျား ကိုက်တတ်တယ် ...

- သွေးလွန်တုပ်ကွေး
  ကာကွယ်ဆေး
  ရှိသေးပါဘူးလေး ...။